# နိုင်ငံတော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၂ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံတော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) နှင့် (၅) တို့ကို အောက်ပါ ပုဒ်မခွဲငယ်များဖြင့် အစားထိုးရမည်—

(၃) ဗဟိုအာဏာပိုင် အဖွဲ့အစည်း အသီးသီး ကို သော်လည်းကောင်း၊ အကြောင်း တစ်ခုခုကြောင့် ထို အဖွဲ့ဝင်များထဲမှ အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်လျှင်သော် လည်းကောင်း လွှတ်တော်က ရွေးချယ်တင်မြှောက်နိုင် ရန်နှင့် အစားထိုးရွေးချယ်တင်မြှောက်နိုင်ရန် လွှတ်တော် ကိုယ်စားလှယ်များထဲမှ အမည်စာရင်းကို လွှတ်တော်သို့ တင်သွင်းရမည်၊

(၅) လွှတ်တော်ရေးရာကော်မတီ အသီးသီးတွင် လိုအပ်သော အဖွဲ့ဝင်ဦးရေကို သတ်မှတ်၍ လွှတ်တော်က ရွေးချယ် တင်မြှောက်နိုင်ရန်သော် လည်းကောင်း၊ အကြောင်း တစ်ခုခုကြောင့် လွှတ်တော်ရေးရာကော်မတီဝင် တစ်ဦးဦး လစ်လပ်ပါက အစားထိုး ရွေးချယ် တင်မြှောက်နိုင်ရန် သော်လည်းကောင်း လွှတ်တော် ကိုယ်စားလှယ်များထဲမှ အမည်စာရင်းကို လွှတ်တော်သို့ တင်သွင်းရမည်၊

၃။ နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၂၆ ကို အောက်ပါ ပုဒ်မဖြင့် အစားထိုးရမည်––

၂၆။ (က) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် ပြည်ပသို့ ခရီးသွားနေချိန်တွင် နိုင်ငံတော်ကောင်စီဒုတိယဥက္ကဋ္ဌသည် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ ၏ တာဝန်ဝတ်တရားများကို ပူးတွဲထမ်းဆောင်ရမည်၊

(ခ) နိုင်ငံတော်ကောင်စီ ဒုတိယ ဥက္ကဋ္ဌသည် ပြည်ပသို့ ခရီး သွား နေ ချိန် တွင် နိုင် ငံ တော် ကောင် စီ အတွင်းရေးမှူးသည် နိုင်ငံတော်ကောင်စီ ဒုတိယ ဥက္ကဋ္ဌ၏ တာဝန် ဝတ် တ ရား များ ကို ပူးတွဲ ထမ်းဆောင်ရမည်။

၄။ (က) နိုင်ငံတော်ကောင်စီ ဥပဒေအခန်း (၅)ကို အခန်း (၅–က) အဖြစ် လည်းကောင်း၊ ပုဒ်မ ၂၇ နှင့် ၂၈ တို့ကို ပုဒ်မ ၂၈–က နှင့် ၂၈–ခ အဖြစ်လည်းကောင်း ပြင်ဆင်ရမည်၊

(ခ) အောက်ပါတို့ကို အခန်း (၅) ၏ ခေါင်းစီးနှင့် ပုဒ်မ ၂၇ နှင့် ၂၈ တို့အဖြစ် ဖြည့်စွက်ရမည်––

## နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ

၂၇။ နိုင်ငံတော်ကောင်စီ ဒုတိယ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်––

(က) နိုင်ငံတော်ကောင်စီဝင်များ၏ လုပ်ငန်းတာဝန်များကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ညှိနှိုင်းပေးခြင်း၊

(ခ) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် မိမိ၏ တာဝန်ဝတ်တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပူးတွဲထမ်းဆောင် ကျင့်သုံးခြင်း၊

(ဂ) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌက အခါအားလျော်စွာပေးအပ်သော အခြား တာဝန်များကို ထမ်းဆောင်ခြင်း။

၂၉။ နိုင်ငံတော်ကောင်စီဒုတိယဥက္ကဋ္ဌသည် နိုင်ငံတော် ဒုတိယသမ္မတအဖြစ် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်—

(က) နိုင်ငံတော်၏ ဒုတိယ အကြီးအကဲ အဖြစ် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော် သမ္မတသည် မိမိ၏ တာဝန်ဝတ်တရားများကို ယာယီအားဖြင့်မထမ်းဆောင်နိုင်လျှင် နိုင်ငံတော် သမ္မတ ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပူးတွဲထမ်းဆောင် ကျင့်သုံးခြင်း၊

(ဂ) နိုင်ငံတော်သမ္မတက အခါအားလျော်စွာ ပေးအပ်သော အခြား တာဝန်များကို ထမ်းဆောင်ခြင်း။

၅။ (က) ပြင်ဆင်ထားသော နိုင်ငံတော်ကောင်စီဥပဒေပုဒ်မ ၂၉-က ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ) နှင့် (ည) တို့ကို ပုဒ်မ ၂၉-က ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည) နှင့် (ဋ) တို့အဖြစ် ပြင်ဆင်ရမည်၊

(ခ) ပြင်ဆင်ထားသော ပုဒ်မ ၂၉-ကတွင် အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (ဂ) အဖြစ် ဖြည့်စွက်ရမည်—

(ဂ) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် မိမိ၏တာဝန်ဝတ်တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် ပုဒ်မခွဲ (က) နှင့် (ခ) ပါ လုပ်ငန်းတာဝန်များကို နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

၆။ ပြင်ဆင်ထားသော နိုင်ငံတော်ကောင်စီဥပဒေပုဒ်မ ၂၉-က ပုဒ်မခွဲ (စ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(စ) နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌသည် မိမိ၏ တာဝန်ဝတ်တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် ဒုတိယ ဥက္ကဋ္ဌ၏ တာဝန် ဝတ်တရားများကို ပူးတွဲထမ်းဆောင်ခြင်း၊

၇။ နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၃၉ ပုဒ်မခွဲ (ခ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ခ) နိုင်ငံတော်ကောင်စီဥက္ကဋ္ဌသည် အစည်းအဝေးမတက်ရောက်နိုင်ပါက နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌသည်လည်းကောင်း မတက်ရောက်နိုင်ပါက နိုင်ငံတော်ကောင်စီအတွင်းရေးမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်၊

၈။ နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၄၀ ပုဒ်မခွဲ (က) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(က) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ကောင်စီအတွင်းရေးမှူး တစ်ဦးဦးအပါအဝင် အနည်းဆုံး နှစ်ဆယ့်တစ်ဦး တက်ရောက်မှသာလျှင် အစည်းအဝေး အထမြောက်သည်၊

၉။ နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၄၆ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

၄၆။ နိုင်ငံတော်ကောင်စီသည် လွှတ်တော်ရုံး၊ နိုင်ငံတော်ကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံတော်ဒုတိယသမ္မတရုံးတို့၏ နှစ်စဉ် ရသုံးခန့်မှန်းခြေ ငွေစာရင်းတို့ကို နိုင်ငံတော် ရသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ထည့်သွင်းနိုင်ရန် အချိန်မီ ပြုစုဆောင်ရွက်ရမည်။